# မာတိကာ


| | | |
|---|---|---|
| (က) | ဘိုဘိုဝင်း၏ အမှာစာ | ၇ |
| (ခ) | ဂျိမ်းစ် တိတ်၏ ဘဝရှင်သန်မှုနှင့် ကဗျာစာပေလက်ရာများ | ၁၁ |
| | ၁။ ဒါဘာလဲ | ၁၇ |
| | ၂။ သစ္စာဖောက်မှု | ၁၉ |
| | ၃။ ဘာမှထင်သလို မဟုတ် | ၂၁ |
| | ၄။ တော်လှန်ရေးစွေးနွေးပွဲ | ၂၂ |
| | ၅။ အများသုံးတယ်လီဖုန်းမှာ စကားပြောနေတဲ့ ဘာနီ | ၂၄ |
| | ၆။ နာမည်ကျော်ဦးထုပ်စာရင်း | ၂၆ |
| | ၇။ အသက်ရှုရပ်ခြင်း | ၂၈ |
| | ၈။ ဖုန်းခေါ်ခြင်း | ၃၀ |
| | ၉။ အိမ်မွေးတိရစ္ဆာန်အသစ် | ၃၂ |
| | ၁၀။ ရာစ်ကို နှုတ်ဆက်ခြင်း | ၃၄ |
| | ၁၁။ မိတ်ဖက်ကောင်းများ | ၃၆ |
| | ၁၂။ ညမှာ | ၃၈ |
| | ၁၃။ ဒဲဘီနှင့် သစ်ခုတ်သမား | ၄၀ |
| | ၁၄။ ပီတီ | ၄၂ |
| | ၁၅။ ရေနဂါး | ၄၃ |
| | ၁၆။ ရေရှည်မှတ်ဉာဏ် | ၄၄ |
| | ၁၇။ အစိုးရရေကန် | ၄၆ |
| | ၁၈။ အမေမှအဝေး | ၄၈ |
| | ၁၉။ အမေနှင့် ကျွန်တော် | ၄၉ |
| | ၂၀။ အချိန်ကောင်းယေရှု | ၅၀ |
| | ၂၁။ ရေပေါ်သစ်ရိုင် | ၅၂ |
| | ၂၂။ ရည်းစားဟောင်း | ၅၄ |
| | ၂၃။ သစ်သားခြေထောက်လူ ထောင်ဖောက် | ၅၆ |
| | ၂၄။ အိပ်မက်စစ် | ၅၇ |
| | ၂၅။ သိပ်နောက်ကျသွားပြီ | ၅၉ |
| | ၂၆။ ညနေချမ်းရဲ့သေရှာတဲ့ခဏ | ၆၀ |
| | ၂၇။ အိမ်ပြန်လမ်း | ၆၂ |
| | ၂၈။ ဝယ်မှုပြန် | ၆၄ |
| | ၂၉။ အောက်မေ့ဖွယ်နန်းတော် | ၆၆ |
| | ၃၀။ ဝတ်ပြုဆုတောင်းသူ | ၆၈ |
| | ၃၁။ နောက်ဆုံးအပန်းဖြေခြင်း | ၇၀ |
| | ၃၂။ မြက်ခင်းလွင်ပြင်ဓဒေသက မွေးမွေးကလေးတွေကို တိုက်ခိုက်ခြင်း | ၇၂ |
| (ဂ) | ဂျိမ်းစ် တိတ်၏ အဓိက လက်ရာများ | ၇၄ |
| (ဃ) | ဂျိမ်းစ် တိတ်နှင့် တွေ့ဆုံမေးမြန်းခြင်း | ၇၅ |
| (င) | ဂျိမ်းစ် တိတ်၏ ဘဝနိဂုံးနှင့် စပ်လျဉ်းသော ဝေဖန်ရေးလာချက် | ၈၁ |
| ဘိုဘိုဝင်း၏ သတ္တုရာဇ်မှတ်တမ်း | | ၈၇ |


❑

# အမှာ

*

ရေပေါ်သစ်ရိုင် လို့ အမည်ပေးထားတဲ့စကားပြေကဗျာ သုံးဆယ့်နှစ်ပုဒ်မှာ "အစိုးရရေကန်" စာအုပ်ထဲက နောက်ဆုံးကဗျာ နှစ်ဆယ့်သုံးပုဒ် နှင့် တိတ်ရဲ့ တခြား နာမည်ကြီး စကားပြေကဗျာတွေပါ။ ကျွန်တော်တန်ဖိုးထားတဲ့ စကားပြေကဗျာ ဖတ်သူတွေအတွက် "ယုန်ကဲ့သို့ လဲပြိုသွားသောကောင်းကောင် / (နှင်းဆီဖြူစာပေမှ ၂၀၂၀ ပြည့်နှစ် ထုတ်)" စကားပြေကဗျာ နှစ်ဆယ့်သုံးပုဒ် စာအုပ်ရယ် ယခု "ရေပေါ်သစ်ရိုင်" ပေါင်းဖတ်ရင် တိတ် ပေါင်းမချုပ် ရေးခဲ့တဲ့ လက်ရာ အစိုးရရေကန် ကို အစေ့ မြင်ရမယ်လို့ မျှော်လင့်ပါတယ်။

ဂျိမ်းစ်တိတ်ရဲ့ စကားပြေကဗျာတွေကို ဖတ်ရတိုင်း ရုတ်တရက်မှင့်/ ဒွင်လိုက်တဲ့ တံခါးတချပ်လို လို့ မြင်ရမှာပဲ။ စကားပြေကဗျာ အမျိုးအစားတွေ ဒါဇင်နဲ့ချီ ရှိနေတယ်။ စကားပြေကဗျာအများစုမှာ အမျိုးအစားသောကလုံးရဲ့ ပြောသူထောင့် သုံးမျိုးရှိနေတတ်ပါတယ်။

1. ပထမ (ကျွန်တော်/မ ကျွန်ုပ်) တတ်ကြောင်းပြောသူ၊
2. ဒုတိယ မင်း/ နင် ၊ မင်း/နင်တို့ နဲ့
3. တတိယ (သူ/မ သူ/မတို့/ နာမည် တိုက်ရိုက် သုံးခြင်း)

တို့ တဆင့် စာရေးသူ / ကဗျာဆရာ က စာဖတ်သူကို သူတို့ အငှား အာရုံမှတဆင့် ပြောမှု ၊ သိမှုကအရေးပါတယ်။ စာတ်အိမ်တည်ပြီး ဇာတ်ကောင် စရိုက်တွေ ဖွံ့ဖြိုးလာစေသလို၊ ဇာတ်ရှိန်ကို ဇာတ်ကောင်တွေကဘဲ ပြန်အလှည့်အပြောင်း ဖန်တီးတယ်။ ဇာတ်ကောင်နှစ်မျိုး ကို စရိုက်သေနှင့် စရိုက်ရှင်ကိုခေါ်တယ်။



ဆယ်ရှစ်ရာစုမှ ယနေ့တိုင်စကားပြေ ကဗျာများမှာ ပြောသူထောင့် အနေဖြင့် ...

တစ် ( သို့ )

နှစ် ( သို့ )

သုံး

တစ်ခုဖြစ်စေ၊ အများဆုံး နှစ်ခုလောက်ကိုသာသုံးပြီး စကားပြေကဗျာ တည်ဆောက်ကြတယ်။ တိတ် ကဗျာတွေ အထူးခြားမြားမိုက်ဖတ်တဲ့ ကျွန်တော့်အဖို့ တစ်၊ နှစ်၊ သုံးကို တပြိုင်နက်တည်း သုံးတတ်တယ်။ အတိုင်အဖောက်ပြောစကားတွေကြောင့် ဝတ္ထု စကားပြေ ပြီးစည်းရိုးအထိကို ကျော်လာတယ်။ ဝတ္ထုတိုတွေလား။ မဟုတ်မြန်ဘူး လို့အပ်ချက် အရ တိတ်သုံးတဲ့ ငါ/ မင်း/ သူ တို့ ဟာ စာဖတ်သူအတွက် ဝတ္ထု/ ကဗျာတို့လို အငှားအာရုံ မထားတော့သလောက် တွေ့ရတယ်။ စရိုက်ရှင်ကို သုံးတယ်။ ငါ သူက အာရုံ မနောက်တဲ့ အမြင် သူ့စကားပြေကဗျာကို ပိုစည်းလုံးစေပြီး စိတ်၊ အာရုံနိုးကြားရာ ရောက်တယ်။ သူ၊ ငါ ဇာတ်ကြောင်းပြောသူတွေကို နိုးကြားစေသောအမြင်တစ်ခု လင်းမှင့်မှု တစ်ခု အောက်မှာ နှစ်မြှုပ်ပစ်လိုက်တယ်။ ဖတ်နေသူတွေအတွက် အဆိုပါ ဇာတ်ကောင်များနဲ့ အတူ ပြတင်းအသစ်တခုဆီ အရောက် ပို့ပေးတယ်။

- သိပ်နောက်ကျသွားပြီ
- အိမ်ပြန်လမ်း
- မြက်ခင်းလွင်ပြင်ဒေသက မွေးမွေးကလေးတွေကို တိုက်ခိုက်ခြင်း စသည့်

စကားပြေကဗျာတို့ကို သေသေချာချာလေ့လာရှိ တိုက်တွန်းချပါစေ အစေ့။

တိတ်ဟာ သိပ်စွန့်စားတယ်။ ရဲရင့်သလို အသစ်လုပ်တဲ့ သူ့ညည့်အတိုင်းဘဲ၊ အမေဟာ ဒုတိယကမ္ဘာစစ်အတွင်းစစ်မှုထမ်းရင်း သားဖြစ်သူမွေးကင်းစ ထားခဲ့ရတဲ့ တိတ်ဟာ စစ်သားဘဝကို သူမနှစ်ပြိုကျန်ကဗျာတွေမှာထည့်ရေးတတ်တယ်။ သူမနှစ်ပြိုကျန်က အမှန်းတရားဆီကို မျက်နှာမမူစေဘူး။ တိတ်ကဗျာတွေ စကားလုံးရွေးချယ်တာ သိပ်ကြွယ်ဝ လှပနေတယ်။ ဝေလှသုံးစကားကို အချိုးကျကျ သုံးသလို အကွက်လှပြီး အဆင်ရှောတယ်။ ဆိုင်မှန်အာမိတတ်၍ က ကြုံရင် ကြုံသလို အမေရိကန်ရဲ့ကဗျာကဝိတစ်ဆူ လို့ ထည့်ညွှန်း တတ်တယ်။

*"ဝင်ရှားရဲ့အဖြူရောင် ခွန်ကီများရဲ့ အိမ်အပြင်မှာ ဝင်ရှားအမြင်တွေ၊ အယှ အဆာတွေ ပုံအောထည့်ထားသလို အရှင်ကထက် ပိုလေးနက်၊ ခက်ခဲ၊ နက်နဲလာနေတယ်လို့ ကဗျာဖတ်ပရိသတ်က မေးခွန်းထုတ်နေတယ်၊ ကဗျာအမျိုးအစားတဘာလဲမေးနေတယ်၊*



*ဒီကဗျာတွေကို စကားပြေ ကဗျာစစ်စစ်တွေမဟုတ်ဘူး၊ စာပုဒ်တွေနဲ့တည်ဆောက်ထားတာသာ စကားပြေကဗျာ လို့ ခေါ်တာ၊ ဝင်ရှားရဲ့ဒီစာအုပ်မှာပါတဲ့ကဗျာတွေမှာ လိုင်းတွေပါနေတယ်၊ ဝင်ရှားကဗျာ ဖတ်သူတွေက ထောင့်တညြဖြစ်နေကြတယ်၊ ဘာအမျိုးအစားလဲ၊ ဘာကဗျာလဲလို့ သိချင်စိတ်နဲ့ ရှုစမ်းချင်နေကြတယ်၊ ကဗျာတွေကောဟုတ်လား၊၊ ကဗျာတွေလို့ဆိုရင် ဒီကဗျာတွေကို ဘယ်လို အမျိုးအစားလို့ သတ်မှတ်မလဲ" ရှားစ်စီမင်က မေးမြန်းရာမှာ —*

*"ဒီစာအုပ်မှာထည့်ခဲ့တာတွေ အားလုံးလိုလို စကားပြေကဗျာလို့ ခေါ်ရမယ် ထင်တယ်၊ ဘယ်သူဘယ်ဝါကဖြစ်ဖြစ် တံဆိပ်တပ်၊ ဘာအမျိုးအစားဖြစ်တယ် ဆိုတဲ့နာမည်ပေး ကပ်မှန်းတပ်တာကို ကျွန်တော်အဖို့မလိုလားဘူး။ မကြိုက်ဘူးဗျ။ ကဗျာရေးသက် နစ်ဝှေ အခါတုန်းက ဇာတ်ကြောင်းပြော အရေးအသားတွေမှာ အကန့်အသတ်ရှိတယ်၊ ချုပ်ချယ် တယ်၊ တိတ်လွင်ဆန်းသစ်မှုကို အဟန့်အတားဖြစ်တယ်ဆိုတဲ့အမြင်ကို တရားသေကိုင်စွဲပြီး ဇာတ်လမ်းဆင်တဲ့ ကဗျာအမျိုးစားတွေကို အဂတိတရားဖြင့် မလိုမုန်းထားဖြစ်ခဲ့တယ်လို့ ဝန်ခံရမှာဘဲ၊ ဝန်ခံပါတယ်၊ ဇာတ်ကြောင်းပြောကိစ္စက ကျွန်တော်စဉ်းစားခန်းထဲက မရပ်ဘူး၊ မပြီးဘဲ ရှုစမ်းဆင်ခြင်ပြီး အတွေးပေါက်လာတဲ့အချိန်မှာ ဘာကန့်သတ်ထားလို့လဲ၊ ဆန်းသစ် ချင်တာတွေ ဆန်းသစ်လို့ ဇာတ်လမ်းပြောတွေမှာ ကျွမ်းကျင်ကျယ်သလောက် ဆန့်ထုတ် လို့ရတယ်၊ လွတ်လပ်တဲ့ဘောင်တစ်ခုအဖြစ် စိန်ခေါ်ပြီးအရေးအသားဖော်ထုတ် ရနိုင်တာ သိလိုက်တယ်၊ ကဗျာတွေဆက်ရေးတယ်၊ ကဗျာသစ်တွေကို ဒီပုံသဏ္ဌာန်ထဲမှာပဲ ရေးနေ တယ်၊ အားလုံးလောက်နီးပါးဟာ စကားပြေကဗျာအမျိုးအစားလို့ပြောနိုင်ပါတယ်"* လို့ တိတ်က စကားပြေ ကဗျာကို စရေးတဲ့ အဖြူရောင် ခွန်ကီများရဲ့အိမ်အပြင်မှ (၂၀၀၄) စာအုပ် အကြောင်းပြောခဲ့ပြီး နောက်ပိုင်း အစိုးရရေကန် (၂၀၁၉) ထိ စကားပြေကဗျာများသာ ရေးခဲ့တာ တွေ့ရတော့တယ်။

ရေရှည်မှတ်ဉာဏ် စကားပြေကဗျာဟာ အဖြူရောင်ခွန်ကီများရဲ့အိမ်အပြင် စာအုပ်က ရွေးချယ်ထားပါတယ်။ ရေပေါ်သစ်ရိုင်ကနေ ပြတင်းသစ်တခုဆီသို့ စာဖတ်သူ ရှာဖွေနိုင်ကောင်းပါရဲ့။

ဘိုဘိုဝင်း